[illegible]

**ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)**

**ပါတီဗဟိုဌာနချုပ်**

P.O Box-20, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Phone: (+66)-847447243, (+66) 848051344

KARENNI NATIONAL PROGRESSIVE PARTY

စာအမှတ်။ ၀၆/ကမတပ-တ၂/ထစ-၀၀၄/၂၀၁၅။
ရက်စွဲ။ ။ ၂၀၁၅-ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်။

သို့

၁။ ဗိုလ်မှူးကြီးဇော်မျိုးတင်
နယ်လုံဝန်ကြီး
ကယားပြည်နယ်အစိုးရ
၂။ ဒု-ဗိုလ်မှူးကြီးအောင်မြင့်
ဒု-ဒကစမှူး
ဒကစ (လွိုင်ကော်)
**ပူးတွဲကြီးကြပ်ရေးကော်မတီ** (Joint Monitoring Committee)
**အစိုးရကိုယ်စားလှယ်**

အကြောင်းအရာ။ ။ <u>ဒေါ်တမကြီးခွင်လက်နက်ကြီးလေ့ကျင့်ပစ်ခတ်မှုများကို ကန့်ကွက်ကြောင်းအသိပေးခြင်း။</u>

ရည်ညွှန်းချက်။ ။ ၉-၁-၂၀၁၅ ရက်စွဲဖြင့်ကျင်းပသည့် ပါတီဗဟိုကော်မတီအရေးပေါ်အစည်းအဝေး ၁/၁၅ ဆုံးဖြတ်ချက် အမှတ်-(၂)။

အစိုးရဘက်မှကော်မတီဝင်တာဝန်ရှိပုဂ္ဂိုလ်များခင်ဗျား –

၁။ ကျွန်ုပ်တို့ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် နိုင်ငံတော်အစိုးရနှင့် ၂၀၁၂-ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ပဏာမအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ပါသည်၊ ဤသို့လက်မှတ်ရေးထိုးရခြင်းနှင့်ပါတ်သက်၍ ကျွန်ုပ်တို့တွင် ခိုင်မာ သည့် ရပ်တည်ချက်များရှိပါသည်။ ၎င်းတို့မှာ –

၁။ ပဏာမအပစ်အခတ်ရပ်စဲရေးမှသည် ခိုင်မာသည့်ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ရန်၊

၂။ ခိုင်မာသောငြိမ်းချမ်းရေးတည်ဆောက်မှုမှတဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပ၍ တိုင်းပြည်၏ ပြဿနာများကိုငြိမ်းချမ်းစွာဖြေရှင်းသွားနိုင်ရန်၊

၃။ ပြည်နယ်အတွင်းသေနတ်သံများဆိတ်သုန်းသွားခြင်းအားဖြင့် ပြည်သူလူထုအများတည်ငြိမ်အေးချမ်းသည့်ဘဝကို ရရှိရန်နှင့်လွတ်လပ်စွာလုပ်ကိုင်စားသောက်နိုင်ရန်၊

၄။ ပြည်နယ်တွင်းလူထုဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရတို့နှင့်အတူတကွလက်တွဲဆောင်ရွက်ရန်၊

၅။ ပြည်နယ်အတွင်း လူထု၏အခြေခံအခွင့်ရေးများ၊ နိုင်ငံရေးအခွင့်အရေးများရရှိရေးနှင့် အရည်အသွေးမြင့် တင်ရေးအစီအစဉ်များကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်၊

စသည့် အချက်များဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ပဏာမအဆင့်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးချိန်မှစ၍ မိမိတပ်ကို လက်နက်ကိုင်ပဋိပက္ခများမဖြစ်ပွားစေရန် လိုက်နာစောင့်ထိန်းခဲ့သည်ကို လူကြီးမင်းများနှင့် နိုင်ငံတော်ခေါင်းဆောင်များအသိဖြစ်ပါသည်။

၃။ ဤသို့သောအခြေအနေတွင် အစိုးရတပ်ဘက်မှ မိမိတို့က ရင်နီအမျိုးသားတိုးတက်ရေးပါတီအား အချိန်မှီအသိပေးအကြောင်းကြားခြင်း၊ မိမိတို့၏သဘောထားဆန္ဒကိုရယူခြင်းမရှိဘဲ ကရင်နီလူထုများအသက်မွေးဝမ်းကြောင်းပြု

ရာဒေသဖြစ်သည့် ဒေါတမကြီးရွာပါတ်ဝန်းကျင်ဘက်တွင် လက်နက်ကြီးများစမ်းသတ်ပစ်ခတ်မှုကို တကြိမ်ထက်မက လုပ်ဆောင်လာသည် ကိုတွေ့ရှိရပါသည်။

၄။ လက်နက်ကြီးစမ်းသပ်ပစ်ခတ်ရာနေရာသည် ဒေသခံလူထုတောင်ယာခြံမြေများစိုက်ပျိုးလုပ်ကိုင်ရာနေရာဖြစ်ပြီး လက်နက်ကြီးပစ်ခတ်လေ့ကျင့်ချိန်တွင်လည်း ဒေသခံလူထုအား ကြိုတင်အသိပေးခြင်းမရှိသဖြင့်လည်းကောင်း၊ ပစ်ခတ်ထားသည့် လက်နက်ကြီးကျည်များအနက် မကွဲဘဲကျန်ရှိနေသည့်ကျည်များကို ရှင်းလင်းပေးခြင်းမရှိသဖြင့် ဒေသခံလူထုအနေဖြင့် အလုပ်အကိုင်ပျက်ရသည့်အပြင် အန္တရာယ်များနှင့်လည်း ကြုံတွေ့နေရသည်ကို တွေ့မြင်သိရှိနေရပါသည်။

၅။ ထို့အပြင်ယခုအချိန်သည် နိုင်ငံတော်ခေါင်းဆောင်များက တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ရေးအတွက် မိမိတို့ကရင်နီအမျိုးသားတိုးတက်ရေးပါတီအပါအဝင်အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို စေ့စပ်ကမ်းလှမ်းလျှက်ရှိပါသည်၊ ဤသို့သောအချိန်အခါတွင် ကရင်နီပြည်နယ်အတွင်းတွင် စစ်တပ်က မည်သည့်အတွက်ကြောင့် လက်နက်ကြီးပစ်ခတ်လေ့ကျင့်မှုကို အကြိမ်ကြိမ်ဆောင်ရွက်နေရသည်ကို မေးခွန်းထုတ်စရာဖြစ်လာပါသည်။ ကရင်နီတပ်မတော်မှလည်း မိမိတို့ပါတီခေါင်းဆောင်များအားမေးခွန်းထုတ်လာနေပါသည်။

၆။ သို့ဖြစ်၍ ဒေသခံလူထုအတွက် စိုးရိမ်ကြောင့်ကျရသည့်အခြေအနေမှကင်းဝေး၍ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ရန်အတွက်လည်းကောင်း၊ ကရင်နီပြည်တွင်းသေနတ်သံများဆိတ်သုန်း၍ စစ်မှန်သောငြိမ်းချမ်းရေးကို ဦးတည်သွားနိုင်ရန် အတွက်လည်းကောင်း၊ ကရင်နီပြည်အတွင်း ဒေါတမကြီးခွင်၌ လက်နက်ကြီးစမ်းသပ်ပစ်ခတ်မှုများကို ကရင်နီအမျိုးသား တိုးတက်ရေးပါတီမှ လုံးဝကန့်ကွက်ကြောင်း အလေးအနက် တင်ပြအပ်ပါသည်။

(ရွှေမျိုးသန့်)
အတွင်းရေးမှူး–၂
ပါတီဗဟိုဌာနချုပ်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

မိတ္တူကို –

– ဦးအောင်မင်း၊ ဒု–ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ။
– ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရ။
– ပူးတွဲကြီးကြပ်ရေးကော်မတီဝင်နှစ်ဘက်ရပ်မိရပ်ဖကိုယ်စားလှယ်များ၊ ---------------------------။
– --------------------၊ စစ်ဦးစီးချုပ်ရုံး၊ ကရင်နီတပ်မတော်။
– ခရိုင်မှူး၊ မြို့နယ်မှူးများနှင့်ပျောက်ကျားတပ်မှူးများ၊ ပြည်ထဲရေးဌာန၊ ---------------------------။
– ဆက်ဆံရေးရုံးများ၊ ------------------------------။
– ----------------------၊ ဒေသဆိုင်ရာစောင့်ကြည့်ရေးကော်မတီ။
– ကျေးရွာအုပ်ချုပ်ရေးကော်မတီ၊ ဒေါတမကြီးကျေးရွာ။
– လက်ခံ။